# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်စျေးကွက်သတင်းလွှာ

May 7, 2024 Volume 78, Number 4

၇.၅.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေစျေး | = ၂၃၂၀ US$ |
| မြန်မာ့ရွှေစျေး | = N/A |
| ဒေါ်လာစျေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၆၀.၂ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၅၂.၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၃၃.၃ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၈၆.၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၁.၀၆ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၁၅၀ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၄.၄၅ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၃.၂၇ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၇.၀၅၇ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

## မြန်မာနိုင်ငံမှထွက်ရှိသည့် ရှောက်ကောသီးနှံအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အကောက်ခွန် အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့(GACC)တွင် မှတ်ပုံတင်၍ တရုတ်နိုင်ငံသို့ တင်ပို့ခွင့်ရရှိရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

မြန်မာနိုင်ငံမှထွက်ရှိသည့်ရှောက်ကောသီးနှံအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင် အဖွဲ့(GACC)တွင် မှတ်ပုံတင်ခွင့်ရရှိပြီး တရုတ်နိုင်ငံသို့ တင်ပို့ခွင့်ရရှိရေးအတွက် ညှိနှိုင်းအစည်းအဝေးကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ်၊ ဒေါ်နေဒ်မူတာကပေါမှဦးဆောင်၍ ၂၀၂၄ ခုနှစ်၊ မေလ ၆ ရက်နေ့၊ နေ့လယ် (၂) နာရီအချိန်တွင် နေပြည်တော်ရှိ ရုံးအမှတ်(၃)၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၏ အစည်းအဝေးခန်းမ၌ Hybrid ဖြင့် ကျင်းပပြုလုပ်ခဲ့သည်။

ညှိနှိုင်းအစည်းအဝေးပွဲသို့ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ ပေကျင်းမြို့နှင့်ကူမင်းမြို့မှ မြန်မာစီးပွားရေးသံမှူးများ၊ မြန်မာနိုင်ငံသစ်သီးဝလံ၊ ပန်းမန်နှင့်ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းအတွင်းရေးမှူး၊ ရှောက်ကောသီးနှံ တင်ပို့နေသည့်ကိုယ်စားလှယ်များ၊ ကုမ္ပဏီများ စုစုပေါင်း ၂၀ ဦး တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ်က ပြောကြားရာတွင် မြန်မာနိုင်ငံမှ ထွက်ရှိသည့်ရှောက်ကောသီးနှံအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အကောက်ခွန်အထွေ ထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ (GACC) တွင် မှတ်ပုံတင်ခွင့်ရရှိနိုင်ရေးကိစ္စနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဌာနများနှင့် သက်ဆိုင်ရာအသင်းအဖွဲ့မှ တာဝန်ရှိသူများပူးပေါင်း၍ ညှိနှိုင်းဆောင်ရွက်နိုင်ရန် အစည်းအဝေးကို ကျင်းပခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံမှ စိုက်ပျိုးထွက်ရှိသည့် ရှောက်ကောသီးနှံကို တရုတ်နိုင်ငံသို့တရားဝင်တင်ပို့နိုင်ရေးအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အကောက်ခွန် အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ (GACC) သို့ တရားဝင် မှတ်ပုံတင်ခွင့်ရရှိနိုင်ရေး လုပ်ငန်းစဉ်များ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ မြန်မာ့လယ်ယာထွက်ကုန်များကို GACC မှတ်ပုံတင်စာရင်းတွင်ပါရှိနိုင်ရေးအတွက်လည်းကောင်း၊ အသင်းအဖွဲ့များမှ လည်းလုပ်ထုံးလုပ်နည်းစည်းမျဉ်းများနှင့်အညီ ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့်ပတ်သက်၍ ပွင့်လင်းစွာညှိနှိုင်းဆွေးနွေးကြရန် ပြောကြားခဲ့သည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသည့် ဌာနဆိုင်ရာများ၊ စီးပွားရေးသံမှူးများနှင့်အသင်းအဖွဲ့များမှ တက်ရောက်လာကြသူများက မြန်မာနိုင်ငံမှထွက်ရှိသည့်

ရှောက်ကောသီးနံ့အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ (GACC)တွင် မှတ်ပုံတင်ခွင့်ရရှိနိုင်ရေး ဆောင်ရွက်ရမည့်ကိစ္စရပ်များအား ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြသည်။ ထို့နောက် မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ်က နိဂုံးချုပ်စကားပြောကြားပြီး အစည်းအဝေးကို ၃ နာရီ ၄၅ မိနစ်အချိန်တွင် ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

**Source: ပြည်တွင်းကုန်သွယ်မှုဌာနခွဲ**
**မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့**

## ပုသိမ်မြို့တွင် သီဟိုဠ်စျေးကွက် ကျစျေးဖြင့်အရောင်းအဝယ်ဖြစ်




ပုသိမ်မြို့ပေါ် ပြည်ပပို့ကုန်သီဟိုဠ်စျေးကွက်မှာ ရာသီသီးနံ့အဖြစ် ဖေဖော်ဝါရီလ နောက်ဆုံးပတ်တွင် စျေးကွက်ဝင်ရောက်လျက် မေလဒုတိယပတ်ရောက်လျှင် သီဟိုဠ်ရာသီပြီးဆုံးသွားကြောင်း သီဟိုဠ်အဝယ်ဒိုင်များမှ သိရသည်။ သီဟိုဠ်ပေါ်ချိန်မြို့ပေါ်တွင် အဝယ်ဒိုင် (၅)ဒိုင်ခန့်မှ သီဟိုဠ်စေ့များကိုဝယ်ယူ၍ ရန်ကုန်မြို့ပေါ်သို့ အဓိကတင်ပို့မှုရှိပြီး ရန်ကုန်စက်မှုဇုန်ရှိ သီဟိုဠ်ခွဲစက်များတွင် ကုန်ချောပြုလုပ်ကာ ပြည်တွင်း/ပြည်ပစျေးကွက်သို့ တင်ပို့ရောင်းချမှုရှိကြောင်း စျေးကွက်မှသိရသည်။

သီဟိုဠ်ပေါ်ချိန် ဖေဖော်ဝါရီလနောက်ဆုံးပတ်၌ တစ်ပိဿာလျှင် ၄၈၀၀/၅၀၀၀ ကျပ်စျေးဖြင့် ဝယ်ယူမှုရှိသော်လည်း သီဟိုဠ်စေ့လှိုင်လှိုင်ပေါ်ချိန် မတ်၊ ဧပြီလများတွင် သီဟိုဠ်စျေးနှုန်းမှာ နေ့စဉ်တစ်ပိဿာ ၁၀၀/၂၀၀ ကျပ် စျေးနှုန်းကျဆင်းလျက်ရှိကြောင်း ယခုမေလဆန်း ပထမပတ်တွင် သီဟိုဠ်စေ့တစ်ပိဿာကို ၃၅၀၀/၃၆၀၀စျေးနှင့် အရောင်းအဝယ်ဖြစ်နေကြောင်း ယခင်နှစ်များမှာ ယခုလိုအချိန်မိုးရွာသွန်းပါက သီဟိုဠ်စေ့မှာ မိုးမိသည့်အတွက် အရောင်မှာမဲသွား၍ အရည်အသွေးကျဆင်းပြီး သီဟိုဠ်တစ်ပိဿာလျှင် ၂၅၀၀ ကျပ်စျေးအတွင်းသာ ဝယ်ယူမှုရှိကြောင်း စျေးနှုန်းအနည်းငယ်ကျဆင်းမှုရှိသော်လည်း အထွက်ကောင်းသည့်အတွက် တွက်ခြေကိုက်မှုရှိကြောင်း သီဟိုဠ်စိုက်တောင်သူ/ကုန်သည်များထံမှ သိရသည်။

**Source: https://www.doca.gov.mm**

## ကျိုက်မရောခွဲ ပိန်းဥများ စျေးကောင်းရ၍ စီးပွားဖြစ်စိုက်ပျိုးသူများပြား



မွန်ပြည်နယ် ကျိုက်မရောမြို့နယ် နောင်လုံကွင်း လယ်မြေများတွင် စားသောက်ကုန်သီးနှံများကို တစ်နိုင်တစ်ပိုင်စိုက်ပျိုးကြရာ ပိန်းဥပင်များကို စီးပွားဖြစ်စိုက်ပျိုးလာကြပြီး ယခုနှစ်တွင် အထွက်နှုန်းကောင်းပြီး စျေးကောင်းလည်းရရှိ၍ မိသားစုအဆင်ပြေလျက်ရှိကြောင်း သိရသည်။

အဆိုပါ ပိန်းဥပင်များကို စိုက်ပျိုးရာ၌ ဥမှစပြီး ပျိုးထောင်၍ ပျိုးပင်များအရွက်ထွက်လာသောအခါ ပိန်းပင်ငယ်လေးများ နေပူရှိန်ကြောင့်မသေစေရန် နှစ်ရက်တစ်ကြိမ်ရေသွင်းပြီး အပင်နှင့်ဥများထွားကျိုင်းစေရန် ဓာတ်မြေဩဇာနှင့်ရွက်ဖျန်းအားတိုးဆေးများကို သုံးရက်တစ်ကြိမ်ကျွေးပေးရသည်။ ရေပေးရာတွင် နောင်လုံ ရေထိန်းတံခါးမှ ရေသွယ်၍ ရေများများပေးရသဖြင့် ပိန်းဥများ အထွက်နှုန်းကောင်း၍ စျေးကောင်းလည်းရရှိကာ အဆင်ပြေလျက်ရှိကြောင်း ပိန်းဥစီးပွားဖြစ်စိုက်ပျိုးသူတောင်သူ ဦးအာလီက ပြောပြသည်။

ပိန်းဥပင်သည် ရာသီမရွေးစိုက်ပျိုးနိုင်ပြီး ရေကြိုက်သောအပင်ဖြစ်ကြောင်း ပိန်းဥကိုစတင်စိုက်ပျိုးချိန်မှ ရက်ပေါင်း ၁၀၀ ကြာလျှင် စတင်တူးဖော်၍ ရောင်းချရသည်။ ပိန်းဥမှာ အာဟာရဖြစ်၍ ပိန်းဥဟင်းချိုမှာ ထမင်းမြိန်စေပြီး အရွက်နှင့်အရိုးကို ဟင်းခါးအဖြစ်ချက်သောက်ရသဖြင့် ပိန်းဥတစ်ပင်လုံးအသုံးဝင်ပြီး ဗီတာမင်အေကြွယ်ဝသည့် စားဖိုဆောင်သီးနှံဖြစ်သောကြောင့် စီးပွားဖြစ်စိုက်ပျိုးကြသူများပြားလာကြောင်း သိရသည်။

Source: ကြေးမုံသတင်းစာ

## မုံရွာမြို့ကုန်စည်ဒိုင်တွင် အရောင်းအဝယ်ဖြစ်လျက်ရှိသော ပဲမျိုးစုံဈေးနှုန်းများ ယခင်အပတ်နှင့်ယခုအပတ် နှိုင်းယှဉ်မှုအခြေအနေ

မေလ ဒုတိယပတ်အတွင်း မုံရွာမြို့ကုန်စည်ဒိုင်တွင် အရောင်းအဝယ်ဖြစ်နေသည့် လယ်ယာထွက်ကုန်သီးနှံများဖြစ်သော မတ်ပဲ၊ မြေထောက်ပဲဖြူ ပဲတီစိမ်းသေး၊ ပဲနီလုံးရိုးရိုးဈေးငြိမ်၍ ဂျုံဖြူသန့်၊ ဂျုံထွက်တိုး၊ ပဲစင်းငုံ၊ ထောပတ်ပဲ၊ ပြောင်းဖူးစေ့၊ ပုဂံပဲ၊ ပြောင်းနီဈေးအနည်းငယ်မြင့်တက်နေပြီး ပဲကြီး၊ ပဲနီလုံးကြား၊ ကုလားပဲဖြူလုံးကြီး၊ ကုလားပဲဖြူလုံးသေး၊ ကုလားပဲ 929 ၊ ကုလားပဲ ထိုင်ဝမ်ဈေးနှုန်းများ ကျဆင်းနေကြောင်းသိရသည်။ ယခုတစ်ပတ်အတွင်း သီးနှံတစ်တင်းပေါက်ဈေးနှုန်းများမှာ ဂျုံဖြူသန့် ၅၁,၀၀၀ ကျပ်၊ ဂျုံထွက်တိုး ၄၅,၀၀၀ ကျပ်၊ ပဲကြီး ၇၈,၀၀၀-၈၀,၀၀၀ ကျပ်၊ မတ်ပဲ ၉၃,၀၀၀-၉၅,၀၀၀ ကျပ်၊ ပဲတီစိမ်းကြီး(သ) ၅၇,၀၀၀ ကျပ်၊ ပဲတီစိမ်းသေး ၄၈,၀၀၀ ကျပ်၊ ပဲစင်းငုံ ၁၂၈,၄၀၀ ကျပ်၊ ပဲနီလုံးရိုးရိုး ၄၆,၀၀၀ ကျပ်၊ ပဲနီလုံးကြား ၄၉,၀၀၀ ကျပ်၊ ပဲယင်းဝါ ၄၁,၀၀၀ ကျပ်၊ ပုဂံပဲ ၉၅,၀၀၀ ကျပ်၊ထောပတ်ပဲ ၉၇,၀၀၀ ကျပ်၊ မြေထောက်ပဲ(ဖြူ) ၉၅,၀၀၀-၁၀၀,၀၀၀ကျပ်၊ CP ပြောင်းဖူးစေ့ ၁၆,၃၀၀ ကျပ်၊ ပြောင်းနီ ၂၃,၀၀၀ ကျပ်၊ ကုလားပဲဖြူလုံးကြီး ၈၀,၀၀၀ ကျပ်၊ ကုလားပဲဖြူလုံးသေး ၈၂,၀၀၀ ကျပ်၊ ကုလားပဲ 929 ၇၇,၀၀၀ ကျပ်၊ ကုလားပဲ ထိုင်ဝမ် ၇၅,၀၀၀ ကျပ် ပေါက်ဈေးရှိကြောင်း သိရသည်။ ယခင်အပတ် ကာလတူအချိန်ပေါက်ဈေးနှုန်းများမှာ ဂျုံဖြူသန့် ၄၈,၀၀၀ ကျပ်၊ ဂျုံထွက်တိုး ၄၃,၀၀၀ ကျပ်၊ ပဲကြီး ၈၂,၀၀၀-၈၆,၀၀၀ ကျပ်၊ မတ်ပဲ ၉၅,၀၀၀ကျပ်၊ ပဲတီစိမ်းသေး ၄၈,၀၀၀ ကျပ်၊ ပဲစင်းငုံ ၁၂၈,၃၀၀ ကျပ်၊ ပဲနီလုံးရိုးရိုး ၄၆,၀၀၀ ကျပ်၊ ပဲနီလုံးကြား ၅၁,၀၀၀-၅၁,၅၀၀ကျပ်၊ ပုဂံပဲ ၉၂,၀၀၀ ကျပ်၊ ထောပတ်ပဲ ၉၀၀၀၀ ကျပ်၊ မြေထောက်ပဲ(ဖြူ) ၁၀၀,၀၀၀ ကျပ်၊ CP ပြောင်းဖူးစေ့ ၁၆,၀၀၀ ကျပ်၊ ပြောင်းနီ ၂၂,၀၀၀ ကျပ်၊ ကုလားပဲဖြူ လုံးကြီး ၈၁,၀၀၀ ကျပ်၊ ကုလားပဲဖြူလုံးသေး ၈၃,၅၀၀ ကျပ်၊ ကုလားပဲ 929 ၇၉,၀၀၀ ကျပ်၊ ကုလားပဲ ထိုင်ဝမ် ၇၆,၅၀၀ ကျပ်ပေါက်ဈေးရှိ၍ ယခုတစ်ပတ်အတွင်း ကာလတူ နှိုင်းယှဉ်ပါက ဂျုံဖြူသန့် တစ်တင်းလျှင် ၃၀၀၀ ကျပ်၊ ဂျုံထွက်တိုး တစ်တင်း ၂၀၀၀ ကျပ်၊ ပဲစင်းငုံ တစ်တင်းလျှင် ၁၀၀ ကျပ်၊ ပုဂံပဲ တစ်တင်းလျှင် ၃၀၀၀ ကျပ်၊ ထောပတ်ပဲ တစ်တင်းလျှင် ၇၀၀၀ ကျပ်၊ CP ပြောင်းဖူးစေ့ တစ်တင်းလျှင် ၃၀၀ ကျပ်၊ ပြောင်းနီ တစ်တင်းလျှင် ၁၀၀၀ ကျပ်နှုန်း မြင့်တက်နေပြီး ပဲကြီး တစ်တင်းလျှင် ၆၀၀၀ ကျပ်၊ ပဲနီလုံးကြား တစ်တင်းလျှင် ၂၅၀၀ ကျပ်၊ ကုလားပဲဖြူလုံးကြီး တစ်တင်းလျှင် ၁၀၀၀ ကျပ်၊ ကုလားပဲဖြူလုံးသေး တစ်တင်းလျှင် ၁၅၀၀ ကျပ်၊ ကုလားပဲ 929 ၂၀၀၀ ကျပ်နှင့် ကုလားပဲထိုင်ဝမ် တစ်တင်းလျှင် ၁၅၀၀ ကျပ်နှုန်း ကျဆင်းနေကြောင်းသိရသည်။

## ဟောင်ကောင်ငွေကြေးအာဏာပိုင်အဖွဲ့မှ ကမ္ဘာလုံးဆိုင်ရာငွေရေးကြေးရေးဖိုရမ် နိုဝင်ဘာလ၌ စီစဉ်ကျင်းပသွားမည်

ကမ္ဘာတစ်လွှားမှ ထိပ်တန်းဘဏ်လုပ်ငန်းရှင်များနှင့် ငွေရေးကြေးရေးလုပ်ငန်း အမှုဆောင်အရာရှိများ ပါဝင်တက်ရောက်ကြမည့် အဆင့်မြင့်ငွေရေးကြေးရေးဆိုင်ရာ ညီလာခံတစ်ရပ်ကို လာမည့်နိုဝင်ဘာလတွင် ဟောင်ကောင်အထူးအုပ်ချုပ်ရေးဒေသ၊ ဗဟိုဘဏ်ဖြစ်သည့် ဟောင်ကောင်ငွေကြေးအာဏာပိုင်အဖွဲ့ (HKMA) မှ စီစဉ်ကျင်းပသွားမည်ဖြစ်ကြောင်း၊ ၂၀၂၄ ခုနှစ် မတ်လ ၇ ရက်နေ့ထုတ် South China Morning Post သတင်းစာ၌ “HKMA to host global Financial forum in November” ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားသည်။

HKMA မှ နှစ်စဉ်ကျင်းပပြုလုပ်သည့် အဆိုပါအစည်းအဝေးကို တတိယအကြိမ်အဖြစ် ကမ္ဘာလုံးဆိုင်ရာ ငွေရေးကြေးရေး လုပ်ငန်း ဦးဆောင်သူများ၏ ရင်းနှီးမြှုပ်နှံမှုထိပ်သီးအစည်းအဝေးကို ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၁၈ မှ ၂၀ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်ဟု HKMA အမှုဆောင်အရာရှိချုပ် Eddie Yue Wai-Man က ပြောကြားခဲ့ကြောင်း ရေးသားဖော်ပြထားသည်။ HKMA အနေဖြင့် ဘဏ်လုပ်ငန်းနှင့်ငွေရေးကြေးရေးလုပ်ငန်းများမှ ဦးဆောင်သူများအတွက် အစည်းအဝေးဖိတ်စာများ

ဖြန့်ဝေထားပြီးဖြစ်ပြီး၊ ငွေရေးကြေးရေးလုပ်ငန်းမှ ဦးဆောင်သူ ၆၀ က တက်ရောက်ရန် (သို့မဟုတ်) စိတ်ပါဝင်စားကြပြီး၊ ကျန်လုပ်ငန်းအဖွဲ့အစည်းမှ အကြောင်းပြန်ကြားလာရန် မျှော်လင့်ကြောင်း ရေးသားဖော်ပြထားသည်။

ဟောင်ကောင်ဒေသအနေဖြင့် ကိုဗစ်-၁၉ ကန့်သတ်ပိတ်ပင်မှုများပယ်ဖျက်ခဲ့သည့် ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလတွင် ပြုလုပ်ခဲ့သည့် ပထမအကြိမ်ဆွေးနွေးပွဲသို့ လုပ်ငန်းများမှ အမှုဆောင်အရာရှိ ၂၀၀ ကျော်နှင့် ၂၀၂၃ ခုနှစ် နိုဝင်ဘာလတွင် ပြုလုပ်ခဲ့သည့် ဒုတိယအကြိမ်ဆွေးနွေးပွဲသို့ အမှုဆောင်အရာရှိ ၃၀၀ ကျော်နှင့် Morgan Stanley နှင့် Standard Chartered အပါအဝင် လုပ်ငန်းပေါင်း ၉၀ မှ ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ်များ ပါဝင်တက်ရောက်ခဲ့ကြောင်း ရေးသားဖော်ပြထားသည်။

ယခုနှစ်ကျင်းပမည့် တတိယအကြိမ်အစည်းအဝေးကို ယခင်နှစ်အစီအစဉ်ကဲ့သို့ အစည်းအဝေးပထမနေ့တွင် တံခါးပိတ်ညစာစားပွဲကျင်းပမည်ဖြစ်ပြီး၊ ဒုတိယနေ့တွင် ဘဏ်နှင့်ငွေရေးကြေးရေးကိစ္စရပ်များကို ဆွေးနွေးမည့်ဖိုရမ်ကျင်းပသွားမည်ဖြစ်သည်ဟု Yue ကပြောကြားခဲ့ကြောင်း ရေးသားဖော်ပြထားသည်။

အစည်းအဝေး တတိယနေ့အစီအစဉ်ကို Yue က ထုတ်ဖော်ပြောကြားခြင်းမရှိသော်လည်း တတိယနေ့ကို ဒုတိယအကြိမ်တွင် ပြုလုပ်ခဲ့သည့်အတိုင်း Asset Management နှင့်စပ်လျဉ်းသည့် ဖိုရမ်တစ်ခု ကျင်းပသွားနိုင်ကြောင်းနှင့် အစည်းအဝေးကို ဝမ့်ချိုင်ရှိ ဟိုတယ်တစ်ခု၌ ကျင်းပသွားဖွယ်ရှိသည်ဟု ရင်းမြစ်တစ်ခုမှ ပြောကြားခဲ့ကြောင်းစသည်ဖြင့်ရေးသားဖော်ပြထားသည်။

**Source: စီးပွားရေးသံမှူး၊ ဟောင်ကောင်မြို့**

## ၂၀၂၄ ခုနှစ် ပထမသုံးလပတ်၌ ကမ္ဘောဒီးယားနိုင်ငံ၏ ရော်ဘာတင်ပို့မှု ၅ ရာခိုင်နှုန်းမြင့်တက်



ကမ္ဘောဒီးယားနိုင်ငံသည် ၂၀၂၄ ခုနှစ် ပထမသုံးလပတ်တွင် ရော်ဘာအခြောက် တန်ချိန် ၆၉၃၂၂ တန်တင်ပို့ခဲ့ပြီး ၂၀၂၃ ခုနှစ် အလားတူကာလ၌ တင်ပို့ခဲ့မှု ၆၅၉၂၁ တန်အပေါ် ၅ ဒသမ ၁ ရာခိုင်နှုန်းတိုးတက်လာကြောင်း ကမ္ဘောဒီးယား ရော်ဘာညွှန်ကြားမှုဦးစီးဌာန၏ ၂၃-၄-၂၀၂၄ ရက်နေ့တွင် ထုတ်ပြန်သော အစီရင်ခံစာ၌ ဖော်ပြသည်။

ကမ္ဘောဒီးယားနိုင်ငံသည် ယခုနှစ် ဇန်နဝါရီလမှ မတ်လအတွင်း ရော်ဘာတင်ပို့မှုမှ ဝင်ငွေရရှိမှုမှာ ဒေါ်လာ ၁၀၀ ဒသမ ၅ သန်းဖြစ်ပြီး ၂၀၂၃ ခုနှစ် အလားတူကာလတွင် ဒေါ်လာ ၉၂ ဒသမ ၉ သန်းသာရရှိခဲ့ရာ တန်ဖိုးအားဖြင့် ၈ ရာခိုင်နှုန်း တိုးတက်လာခြင်းဖြစ်ပါသည်။ ၂၀၂၄ ခုနှစ် ပထမသုံးလပတ်တွင် ရော်ဘာအခြောက်တစ်တန်၏ ပျမ်းမျှဈေးနှုန်းမှာ ဒေါ်လာ ၁၄၅၀ ရှိပြီး ယခင်နှစ်အလားတူကာလထက် ၄၁ ဒေါ်လာခန့်ပိုမိုခဲ့ကြောင်း ရော်ဘာညွှန်ကြားမှုဦးစီးဌာနမှ ခေတ္တညွှန်ကြားရေးမှူးချုပ် Mr. Khun Kakada က အစီရင်ခံစာတွင် ဖော်ပြထားသည်။

ကမ္ဘောဒီးယားနိုင်ငံသည် ရော်ဘာပို့ကုန်ပစ္စည်းများကို မလေးရှား၊ ဗီယက်နမ်၊ စင်ကာပူနှင့်တရုတ်နိုင်ငံများသို့ အဓိက တင်ပို့လျက်ရှိကြောင်း၊ ယခုအချိန်အထိ စုစုပေါင်း ရော်ဘာစိုက်ပျိုးဧရိယာ ၄၀၇,၁၇၂ ဟက်တာခန့် စိုက်ပျိုးထားရှိပြီး

ဖြစ်ကြောင်း၊ အဆိုပါရေိယာပမာဏအနက် ဟက်တာပေါင်း ၃၂၀,၁၈၄ သို့မဟုတ် ၇၉ ရာခိုင်နှုန်းခန့်သည် ရော်ဘာအစေးခြစ်ထုတ်လုပ်နိုင်မှုရှိကြောင်း သတင်းရရှိသည်။

**Source: Khmer Times, 26 Apr 2024**

**(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့)**

**Source:** https://www.doca.gov.mm

## ဗီယက်နမ်နိုင်ငံ၏ ပြီးခဲ့သည့်အားလပ်ရက်အတွင်း ခရီးသွား ၈ သန်းကျော်လာရောက်

ဗီယက်နမ်နိုင်ငံ၏ ခရီးသွားကဏ္ဍသည် ဧပြီလ ၂၇ ရက်မှ မေလ ၁ ရက်အထိ (၅) ရက်တာ အားလပ်ရက်အတွင်း ခရီးသွား ၈ သန်းခန့် လာရောက်လည်ပတ်ခဲ့ကြောင်း၊ တစ်နှစ်ထက် တစ်နှစ် ၁၄ ဒသမ ၂ ရာခိုင်နှုန်း တိုးတက်လာခဲ့ကြောင်း၊ ဗီယက်နမ်နိုင်ငံ ယဉ်ကျေးမှု၊ အားကစားနှင့်ခရီးသွားလာရေးဝန်ကြီးဌာနအောက်ရှိ ဗီယက်နမ်အမျိုးသားခရီးသွားလုပ်ငန်း စီမံခန့်ခွဲရေးအဖွဲ့က သတင်းထုတ်ပြန်ခဲ့သည်။

ကမ္ဘာလှည့်ခရီးသည်များအနက် ၃ ဒသမ ၆ သန်းသည် ညအိပ်တည်းခိုကြပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တည်းခိုနေထိုင်မှုမှာ ၇၀ ရာခိုင်နှုန်းအထိရှိကြောင်းနှင့် ကမ်းရိုးတန်းဒေသများတွင် ၁၀၀ ရာခိုင်နှုန်းပင်ရှိကြောင်း ဖော်ပြထားသည်။ Sa Pa၊ Quảng Ninh၊ Thanh Hóa၊ Phú Yên၊ Nha Trang နှင့် Bà Rịa-Vũng Tàu ကဲ့သို့သော ရေပန်းစားသည့် ခရီးသွားနေရာများတွင် ပြီးခဲ့သည့်နှစ် အလားတူကာလနှင့်နှိုင်းယှဉ်ပါက ခရီးသွားများ သိသိသာသာတိုးလာခဲ့ကြောင်း တွေ့ရသည်။

Thanh Hóa သည် လာရောက်လည်ပတ်သူ ၁ ဒသမ ၅၂ သန်းရှိပြီး တစ်နှစ်ထက်တစ်နှစ် ၂၇ ဒသမ ၂ ရာခိုင်နှုန်း တိုးတက်ကာ ဝင်ငွေ ဗီယက်နမ်ဒေါင် ၃ ဒသမ ၀၈၅ ထရီလီယံ (အမေရိကန်ဒေါ်လာ ၁၅၂ သန်း) ၊ ၎င်းနောက်တွင် Quảng Ninh နှင့် Khánh Hòa က ၁ သန်းနှင့် ညှေ့်သည် ၉၇၀,၀၀၀ နီးပါး အသီးသီးရှိခဲ့ကြောင်း ဖော်ပြထားသည်။

သို့သော်လည်း အချို့ဒေသများတွင် ပူပြင်းသော ရာသီဥတုကြောင့် ယခင်နှစ်များနှင့်နှိုင်းယှဉ်ပါက လာရောက်လည်ပတ်သူကျဆင်းခဲ့သည့်ကိုတွေ့ရသည်။ အထူးသဖြင့် ဒါနန်း၊ ဖူးကွပ်ခ်၊ ကွမ်နမ်နှင့် ကွမ်ဒိုကဲ့သို့သော နေရာများတွင် လေယာဉ်စရိတ်မြင့်မားမှုကြောင့် လာရောက်လည်ပတ်သူကျဆင်းခဲ့ကြောင်း သိရသည်။

အဆိုပါစိန်ခေါ်မှုများကို ဖြေရှင်းရန်အတွက် ခရီးသွားအေဂျင်စီများသည် ခရီးသွားများအတွက် ကုန်ကျစရိတ်လျှော့ချရန်အတွက် Shuttle Bus များ၊ ရထားများ၊ ကားများနှင့်ရေလမ်းခရီးသွားဝန်ဆောင်မှုများစသည့် စရိတ်သက်သာသော ရွေးချယ်စရာဝန်ဆောင်မှုများကို ပံ့ပိုးပေးထားကြောင်း ဖော်ပြထားသည်။

**Source: Viet Nam News**

**(စီးပွားရေးသံမှူး၊ ဗီယက်နမ်)**

## STOCK EXCHANGE (7.5.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 7th May, 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 38,767 (Shares) | 73,145,150 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,600 | +0 | +0.00% | 8,600 | 8,600 | 8,600 | 1,200 | 10,320,000 | 33,109,694 | 284,743 |
| MTSH | 00002 | 2,900 | +0 | +0.00% | 2,900 | 2,900 | 2,850 | 1,188 | 3,395,200 | 38,929,150 | 112,895 |
| MCB | 00003 | 7,800 | +100 | +1.30% | 7,700 | 7,800 | 7,700 | 50 | 385,200 | 10,400,986 | 81,128 |
| FPB | 00004 | 1,500 | +0 | +0.00% | 1,450 | 1,500 | 1,450 | 6,832 | 10,216,800 | 29,664,613 | 44,497 |
| TMH | 00005 | 2,950 | +100 | +3.51% | 2,850 | 2,950 | 2,850 | 6 | 17,600 | 12,823,224 | 37,829 |
| EFR | 00006 | 1,700 | +0 | +0.00% | 1,700 | 1,700 | 1,650 | 262 | 434,900 | 19,977,223 | 33,961 |
| AMATA | 00007 | 4,700 | +200 | +4.44% | 4,600 | 4,700 | 4,600 | 6 | 27,800 | 10,497,598 | 49,339 |
| MAEX | 00008 | 2,050 | +0 | +0.00% | 2,100 | 2,100 | 2,050 | 23 | 47,650 | 23,804,946 | 48,800 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 7th May, 2024

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 367.51 | +2.34 | +0.64% | 364.38 | 367.51 | 364.38 | 9,567 | 24,845,150 | 8 | 693,192 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

| Trading Volume | Trading Value |
|---|---|
| 38,767 (Shares) | 73,145,150 (MMK) |

## Main Board

As of 1:00 pm, 7th May, 2024

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 38,767 (Shares) | 73,145,150 (MMK) |

| MYANPIX | 367.51 ▲ 2.34 |
|---|---|
| Total Volume (shares) | 9,567 |
| Total Value (MMK) | 25 mil |
| Listed Company | 8 |
| Market Cap. (MMK) | 693,192 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,600 | ▲ 0 |
| MTSH | 00002 | 2,900 | ▲ 0 |
| MCB | 00003 | 7,800 | ▲ 100 |
| FPB | 00004 | 1,500 | ▲ 0 |
| TMH | 00005 | 2,950 | ▲ 100 |
| EFR | 00006 | 1,700 | ▲ 0 |
| AMATA | 00007 | 4,700 | ▲ 200 |
| MAEX | 00008 | 2,050 | ▲ 0 |